# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 7 , 2023 Volume 64, Number 4


၇.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၃၇၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အိန္ဒိယက ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်များ ဆက်ထားဦးမည်ဟုဆို




"အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်တာ တောင် ဆန်တင်ပို့မှုက နှေးကွေးမသွားခဲ့ဘူး။ ဒီတော့ ပို့ကုန်ခွန်ကို လျှော့ချပေးစရာ၊ ဖယ်ရှားပေးစရာ အကြောင်းမရှိဘူးလို့ ထင်တယ်" လို့ အမည်ထုတ်ပြောခြင်းမရှိတဲ့ အစိုးရအကြီးတန်းအရာရှိ တစ်ယောက်က ပြောပါတယ်။

ကမ္ဘာ့ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယဟာ ပြည်တွင်းဆန်ဈေးတည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းလိုတာကြောင့် ဆန်ကွဲ တင်ပို့မှု ပိတ်ပင်ထားတာနဲ့ ဆန်ဖြူတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ထားတာတွေကို ပြင်ဆင်ပေးဖို့ အစီအစဉ်မရှိသေးဘူးလို့ အစိုးရသတင်းရင်းမြစ်နှစ်ခုက ဆိုပါတယ်။

အိန္ဒိယရဲ့ ဆန်တင်ပို့မှုပိတ်ပင်ကန့်သတ်ချက်တွေကြောင့် အာရှနဲ့အာဖရိကဘက်က ဝယ်လက်တွေအတွက် ဆန်ဈေး ပိုကြီးသွားစေပါတယ်။ ကမ္ဘာ့ဆန်ဈေးဟာလည်း ပြီးခဲ့တဲ့ သီတင်းပတ်တွေမှာ ဆက်တိုက်ဆိုသလို တက်နေခဲ့တာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ မိုးမကောင်းလို့ အဓိကစပါးဒေသကြီးတွေမှာ ထွက်နှုန်းကျမှာ စိုးရိမ်ကာ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး အခြားဆန်အမျိုးအစားတွေ တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့ပါတယ်။ "အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်တာတောင် ဆန်တင်ပို့မှုက နှေးကွေးမသွားခဲ့ဘူး။ ဒီတော့ ပို့ကုန်ခွန်ကို လျှော့ချပေးစရာ၊ ဖယ်ရှားပေးစရာ အကြောင်းမရှိဘူးလို့ ထင်တယ်" လို့ အမည်ထုတ်ပြောခြင်းမရှိတဲ့ အစိုးရအကြီးတန်းအရာရှိ တစ်ယောက်က ပြောပါတယ်။

အိန္ဒိယဆန်တင်ပို့မှုဟာ ၂၀၂၂ ခုနှစ်အတွင်း နှစ်အလိုက် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စံချိန်တင်ပမာဏအဖြစ် တန်ချိန် ၂၂ ဒသမ ၂၆ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒီပမာဏဟာ အိန္ဒိယပြီးရင် ဆန်တင်ပို့မှုအများဆုံးဖြစ်ကြတဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အမေရိကန်ပြည်ထောင်စုတို့ လေးနိုင်ငံပေါင်း တင်ပို့မှုထက် တောင် ပိုများနေပါတယ်။

"တရုတ်နဲ့ တခြားနိုင်ငံတွေက ဆန်ကွဲကို အီသနော ဒါမှမဟုတ် မွေးမြူရေး အစာကုန်ကြမ်းအဖြစ် အသုံးပြုလိုနေတာသက်သက်အတွက်တော့ ဆန်ကွဲတင်ပို့မှု ကို ပြန်လည်ခွင့်ပြုမပေးနိုင်ပါဘူး။ ပြည်တွင်းဈေးကွက်က သုံးတာမျိုးပဲ ပိုလိုလား ပါတယ်" လို့ ၎င်းအရာရှိက ပြောပါတယ်။

တရုတ်နိုင်ငံဟာ အိန္ဒိယဆန်ကွဲဝယ်ယူမှုအများဆုံးဖြစ်ပြီး ၂၀၂၁ ခုနှစ်တုန်းက တန်ချိန် ၁ ဒသမ ၁ သန်းအထိ ဝယ်ယူခဲ့ပါတယ်။

အိန္ဒိယဟာ ဒီနှစ်မှာလည်း အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မိုးရေချိန် နိမ့်ကျမှာကို စိုးရိမ်ပြီး ဆန်တင်ပို့မှုကို ဆက်လက် ကန့်သတ်သွားဦးမှာ ဖြစ်ပါတယ်။ "ကျွန်တော်တို့ အရဲမစွန့်ရဲသေးပါဘူး။ ဆန်ပိုပိုလျှံလျှံရှိနေပေမယ့် ဂျူပမာဏက အကန့်အသတ်နဲ့သာရှိပါတယ်။ တကယ်လို့ ရာသီဥတုဖောက်ခဲ့ရင် ပိုလျှံဆန်ကို အသုံးပြုသွားရမှာပါ" လို့ ၎င်းကပြောပါတယ်။

အိန္ဒိယလယ်သမားတွေဟာ ရေသုံးစွဲမှုများတဲ့ စပါးကို မုတ်သုံရာသီဖြစ်တဲ့ ဇွန်နဲ့ ဇူလိုင်လတွေမှာ စိုက်ပျိုးလေ့ရှိကြပါတယ်။ "ကျွန်တော်တို့ ပိတ်ပင်ကန့်သတ်မှုတွေကြောင့် ကမ္ဘာ့ဈေးကွက်မှာ ဆန်ပြတ်တောက်သွားတာမျိုး မဖြစ်စေပါဘူး။ တစ်ချိန်တည်းမှာ ကျွန်တော်တို့မှာလည်း အရန်ဆန် ပိုပိုလျှံလျှံ သိုမှီးထားရှိနိုင်စေတယ်။ ဒါကြောင့် အခုအစီအမံအတိုင်း ဆက်သွားဖို့ရှိပါတယ်" လို့ မူဝါဒရေးရာဆုံးဖြတ်ရာမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ နောက်ထပ်အစိုးရ သတင်းရင်းမြစ်တစ်ခုကပြောပါတယ်။

**(အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်)**

**Ref: India to extend rice export curbs to ensure domestic price stability, supply – govt sources**

**https://greenwaymyanmar.com/**

## ကမ္ဘာ့ရော်ဘာဈေးတက်၍ ပြည်တွင်းရော်ဘာ ဈေးပြန်တက်




ကမ္ဘာ့ရော်ဘာဈေး မြင့်တက်နေသောကြောင့် ပြည်တွင်းရော်ဘာဈေးပါ မြင့်တက်လာကြောင်းလုပ်ငန်းရှင်များထံမှသိရသည်။

ပြည်တွင်းရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ် မူတည်ပြီး ဈေးအတက်အကျဖြစ်ပေါ်ခြင်းဖြစ်ပြီး လက်ရှိပြည်ပလိုအပ်ချက်များကာ အဝယ်လိုက်နေသောကြောင့် ကမ္ဘာ့ဈေးမှာ မြင့်တက်နေကြောင်းသိရသည်။

လက်ရှိ နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ယခင်က ဒေါ်လာ ၁၇၅၀ မှ လက်ရှိ ဒေါ်လာ ၁၈၀၀ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ “နိုင်ငံတကာ ပေါက်ဈေးကတော့ ပြီးခဲ့တဲ့ တစ်ပတ်လောက်ထဲက တက်လာတယ်။ ပြည်တွင်းဈေးက နိုင်ငံတကာဈေးပေါ်မှာပဲမူတည်တယ်။ ကမ္ဘာ့ဈေးတက်ရင် ပြည်တွင်းရော်ဘာဈေးကလိုက်တက်တာ။ “ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။ ပြည်ပလိုအပ်ချက်များရှိနေပြီး ဒေါ်လာဈေးမှာလည်း အမြင့်ဈေးတွင်ရှိနေသောကြောင့် တစ်ထောင်အောက်ကနေ ရော်ဘာဈေးမှာ တစ်ထောင်အထက်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခင်က ပြည်တွင်းရော်ဘာ တစ်ပေါင်လျှင် ၁၃၅၀ ကျော်ထိရှိပြီး လက်ရှိ တစ်ပေါင်လျှင် ၁၄၀၀ ကျပ် ပေါက်ဈေးထိရှိလာခြင်းဖြစ်သည်။

လက်ရှိတွင် ရော်ဘာကို နယ်စပ်တင်ပို့မှုထက် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့မှုများကြောင်း သိရသည်။ “ ပင်လယ်ရေကြောင်းက အဓိကတင်ပို့နေတယ်။ နယ်စပ်က မှောင်ခိုသွားကြတာများတယ်။ ဈေးကွက်တိုးချဲ့တင်ပို့ဖို့ဆိုတာ မလိုအပ်သေးပါဘူး၊ လက်ရှိတင်ပို့နေတဲ့နိုင်ငံတွေတောင် လုံလောက်အောင် တင်ပို့နိုင်ခြင်းမရှိသေးပါဘူး”ဟု အတွင်းရေးမှူး ဦးခိုင်မြင့်က ဆက်လက်ပြောထားသည်။

ယခုနှစ်တွင် ပြည်ပသို့တန်ချိန် သုံးသိန်းပတ်ဝန်းကျင်ခန့်ထိ တင်ပို့ရန်လျာထားခြင်းဖြစ်ပြီး ယခင်နှစ်များထက် တင်ပို့မှုလျော့ကျနိုင်ကြောင်း ခန့်မှန်ထားကြောင်းသိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီ လ ၁ ရက်နေ့မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ရော်ဘာတန်ချိန် ၁၃၈၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး၊ နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၂၂၉၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများမှသိရသည်။ မြန်မာနိုင်ငံတွင် ရော်ဘာ

တစ်နိုင်ငံလုံးစိုက်ဧက တစ်သန်းခြောက်သိန်းနှင့် လေးသောင်းကျော်ထိရှိကြောင်းသိရသည်။

Source: AMIA

https://t.me/htwettoe

## ကားဈေးမြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေ

ပြည်တွင်း၌ ကားဈေးနှုန်းမြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း ကားဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။ "ကားပါမစ်ပိတ်ထားတယ်ဆိုပြီး ဈေးထပ်တက်မှာကြောက်ပြီး ဝယ်တာလည်းရှိတာပေါ့။ အဓိကတော့ ဝယ်လိုအားနဲ့ရောင်းလိုအား ဝယ်လိုအားများတယ်။ ကားလေးနည်းနည်း ကောင်းတာနဲ့ပျောက်သွားရော။ လုတောင်ဝယ်နေရတာ၊ ကားဟောင်းဈေးကွက်က အရောင်းအဝယ်ကောင်းနေတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ထိက ကားဈေးက တဟုန်ထိုးတက်လာတာ။ ဒီအချိန်က ထပ်တော့မတက်ဘူး။ ဒါပေမဲ့ အရောင်းအဝယ် ကောင်းတယ်" ဟု ရန်ကုန်တိုင်း မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (YRAMDA) ဥက္ကဋ္ဌ ဦးမင်းမင်းမောင်က ပြောသည်။

လက်ရှိကားအရောင်းအဝယ်ဈေးကွက်တွင် သိန်းတစ်ထောင်မှ သိန်းနှစ်ထောင်ကြားတန်ဖိုးရှိ ကားများလည်း အရောင်းအဝယ်ဖြစ်နေသကဲ့သို့ သိန်းတစ်ထောင်အောက်ကားများလည်း အရောင်းအဝယ်ကောင်းနေကြောင်း၊ Honda Fit၊ Honda Insight တစ်စီးလျှင် သိန်း ၃၅၀ ကျော်မှ သိန်း ၄၀၀ နီးပါးပေါက်ဈေးရှိနေပြီး၊ Toyota Wish တစ်စီးလျှင် သိန်း ၆၀၀ ဝန်းကျင်ထိပေါက်ဈေးရှိနေကြောင်း မော်ဒယ်အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်း ကားဝယ်ရောင်း ဈေးကွက်ထံမှသိရသည်။

"အဓိကကတော့ သုံးစွဲသူတွေက ကားနောက်လိုက်နေရင် ဒီကားက ရှေ့ကပြေးမှာဘဲ။ တစ်ချို့က ဈေးကစားတာ။ တခြားရင်းနှီးမြှုပ်နှံတဲ့သူတွေကလည်း ကားလောကထဲကို တဟုန်ထိုးဝင်လာကြတာ။ အဲဒီတော့ သူစွဲတင်ကိုယ်စွဲတင်နဲ့ သူလိုက်ဝယ်ကိုယ်လိုက်ဝယ်နဲ့ ကားဈေးတွေကဟောင့်သွားတာ" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက စံတော်ချိန် ဒစ်ဂျစ်တယ်သို့ပြောသည်။

ရန်ကုန်ကားဝယ်ရောင်းဈေးကွက်တွင် လက်ရှိအရောင်းအဝယ်အဖြစ်ဆုံးကားများမှာ ဂျပန်ကား၊ တရုတ်ကားနှင့် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သည့် SKD ကားများအရောင်းအဝယ်ဖြစ်နေကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများထံမှ သိရသည်။

**Source: https://t.me/sdtimedaily**

## ယခုဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းမှ အများဆုံးကုန်သွယ်မှုပြုလုပ်ထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ အများဆုံးကုန်သွယ်မှုပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့်စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံတွေကို ပင်လယ်ရေကြောင်းကနေတဆင့် အပြန်အလှန်ကုန်သွယ်မှုမှ ယခုဘဏ္ဍာရေးနှစ် ၁၀ လတာ ကာလအတွင်း ကုန်သွယ်မှုပမာဏငွေမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၄ ဘီလီယံရရှိထားပြီး ကာလတူ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇ ဘီလီယံ ပိုမိုရရှိထားကြောင်း စာရင်းများအရသိရသည်။

ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိန်းဂဏန်းအချက်အလက်တွေအရ ၂၀၂၂ ခုနှစ် ဧပြီမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ လပေါင်း ၁၀ လတာ ကာလအတွင်းမှာ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းကတဆင့် ပို့ကုန်တင်ပို့မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၂ ဘီလီယံ ရရှိခဲ့သည့်အတွက် ပြီးခဲ့တဲ့နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။

အလားတူ ပင်လယ်ရေကြောင်းကတဆင့် သွင်းကုန် တင်သွင်းမှု ပမာဏသည်လည်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၂ ဘီလီယံရရှိထားပြီး ကာလတူအခြေအနေနှင့်ယှဉ်ပါက ၂၆ ရာခိုင်နှုန်း တိုးလာသည်။

လက်ရှိဘဏ္ဍာရေးနှစ် ၁၀ လတာ ကာလအတွင်း ပင်လယ်ရေကြောင်းကတဆင့် မြန်မာနှင့်ပြည်ပနိုင်ငံတွေအကြား အပြန်အလှန်ကုန်သွယ်မှုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၃ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း စာရင်းများအရသိရသည်။

၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ် ၁၀လတာ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းအပါအဝင် နယ်စပ်လမ်းကြောင်းတို့က တဆင့် မြန်မာနှင့် ပြည်ပနိုင်ငံတွေအကြား အပြန်အလှန် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၉ ဘီလီယံ ရရှိထားသည့်အနက် နယ်စပ်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄ ဘီလီယံ ရရှိထားသည်။

**Source: Popular News Journal**

## အိန္ဒိယနဲ့ ပြည်တွင်းဈေးကွက်မှာ မတ်ပဲဈေးနှုန်းအလားအလာကို ဘယ်လိုခန့်မှန်းထားကြသလဲ

အိန္ဒိယဘက်က ဈေးကွက်သတင်းတွေအရ ဒီတစ်ပတ်အတွင်း ဖြစ်ပေါ်လာနိုင်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေရဲ့ ဈေးနှုန်းအလားအလာခန့်မှန်းချက်ကို သတင်းရရှိသလောက် ဘာသာပြန်ဆို စုစည်းဖော်ပြလိုက်ပါတယ်။ ဒီအပတ်မှာ အိန္ဒိယက မတ်ပဲဈေးနှုန်းဟာ မြန်မာဘက်ကနေ အရောင်းဖွင့်တဲ့ CNF ပေါက်ဈေးနဲ့ အဲဒီက ပဲခွဲစက်တွေရဲ့ ဝယ်လိုအားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲဖြစ်ပေါ်နိုင်တယ်လို့ တွက်ဆထားပါတယ်။

အရင် သီတင်းပတ်ကတော့ မတ်ပဲဈေးနှုန်းဟာ ဝယ်လိုအားရှိသလောက် အရောင်းမရှိတဲ့အခြေအနေကြောင့် တက်ရိပ်ဖြစ်ဖို့ မျှော်မှန်းခဲ့ပေမဲ့ ထိန်းဝယ်တာတွေကြောင့်လည်း ဈေးအတက်အကျ သိပ်မပြောင်းခဲ့ဘူးလို့ သိရပါတယ်။ ပြည်တွင်းမှာလည်း မတ်ပဲ FAQ ဈေးတန်းဟာ တစ်တန်ကို ကျပ် ၁၈ သိန်းခွဲနဲ့ ၁၉ သိန်းကြားမှာ အတက်အကျဖြစ်ပေါ်နေပြီး ဝယ်လိုအားနဲ့ ရောင်းလိုအား နှစ်ဖက်စလုံးက အားပြိုင်နေတယ်လို့ သုံးသပ်ရပါတယ်။ အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက် သုံးသပ်ချက်တစ်ခုမှာ အဲဒီက မြန်မာမတ်ပဲဈေးနှုန်းဟာ တစ်ကွမ်တယ် (၁၀၀ ကီလိုဂရမ်) ကို ၈၀၀၀ ရူပီးအထိ ဆက်တက်နိုင်တယ်လို့ဆိုထားပြီး အဲဒီဈေးတန်းက အမြင့်ဆုံးဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

မြန်မာပြည်တွင်းမှာတော့ လက်ရှိဖြစ်ပေါ်နေတဲ့ မတ်ပဲဈေးဟာ ပွင့်လင်းရာသီ ၁၀ လပိုင်းလောက်မှဖြစ်နေကျ အမြင့်ဈေးမျိုးဖြစ်ပြီး လတ်တလောမှာ လှောင်လက်တွေကြောင့်သာ တက်ဈေးဖြစ်နေကြောင်းနဲ့ လက်ရှိပေါက်ဈေးမှာ အမြတ်ယူပြီး ပိုင်းသင့်ကြောင်း အကြံပြုတာတွေလည်းရှိနေပါတယ်။ ဒါပေမဲ့ တဖက်မှာ ပြည်တွင်းမတ်ပဲ အထွက်နည်းနိုင်တာနဲ့ သွင်းအားစုစရိတ် ကြီးမြင့်နေတာတွေကြောင့် မတ်ပဲဈေးကို ဆက်လက်အတက်မှန်းထားသူတွေလည်းရှိနေတယ်လို့ သိရပါတယ်။ ရောင်းလက်နဲ့ဝယ်လက်ကြား အားပြိုင်မှုအရ တချို့က မတ်ပဲ Raw ဈေးဟာ ကျပ် ၁၈၀၀၀၀ အောက်ထိ မကျဘူးလို့ယူဆထားပြီး အမြင့်ရောက်မယ်ဆိုရင်လည်း ၁၉၀၀၀၀ ကျပ်ကိုတော့ လွယ်လွယ်နဲ့မရောက်နိုင်သေးဘူးလို့ ဆိုထားပါတယ်။ လေ့လာသိရှိရသလောက်ကို သိထားတဲ့အချက်တွေနဲ့ ပေါင်းစပ်တင်ပြရခြင်းဖြစ်ပါတယ်။

Current Content

**Source: Myantrade.gov.mm**

## အိန္ဒိယနိုင်ငံရှိ ဆန်တင်ပို့သူများသည် ကမ္ဘာ့ဝယ်လက်များထံမှ ဝယ်လိုအားမြင့်တက်လာမှု

အိန္ဒိယနိုင်ငံသည် ဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းသတ်မှတ်ပြီး သုံးလကြာပြီးနောက် အိန္ဒိယဆန်တင်ပို့သူများက ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာသည်ကို တွေ့မြင်လာကြပါသည်။ နိုင်ငံတကာဝယ်လက်များက ပို့ကုန်အခွန် မဆောင်မီက ဖြစ်ခဲ့သည့် တစ်တန်လျှင် ကန်ဒေါ်လာ ၃၃၀ နှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ၄၀၀ ဈေးပေးလိုကြပါသည်။

ပြည်တွင်းဈေးနှုန်း မြင့်တက်မှုကို ထိန်းချုပ်ရန် အစိုးရကဆန်အပေါ် ပို့ကုန်ခွန်ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ စပါးစိုက်ပျိုးသည့် UP၊ Bihar၊ Jharkhand၊ West Bengal အပါအဝင် ပြည်နယ်အချို့တွင် မိုးရရှိမှုနည်းပါးခဲ့ခြင်းကြောင့် မနှစ်က မိုးရာသီစိုက်ပျိုးမှုဧရိယာထက် ၅.၆၂ ရာခိုင်နှုန်းသို့ကျဆင်းကာ ဟက်တာ ၃၈.၃၉ သန်းရှိခဲ့ပါသည်။ အိန္ဒိယဆန်သည် နိုင်ငံတကာဈေးကွက်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ ရှိသော ထိုင်းဆန်ထက် ဈေးသက်သာသော်လည်း ဝယ်သူများသည် ပို့ကုန်အခွန်အတွက် ကျခံပေးရလျက်ရှိနေသည်။ ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သော ဆန်အမျိုးအစားများ တန်ချိန် ၁၅ ဒသမ၅

သန်း တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းသာလျော့နည်းခဲ့ပါသည်။ အစောပိုင်းက ယူဆထားချက် အရ ပို့ကုန်အခွန်ကောက်ခံခဲ့ပြီးနောက် ဆန်တင်ပို့မှုကျဆင်းပြီး ဆန်တန်ချိန် ၁၂-၁၃ သန်းသာ တင်ပို့နိုင်မည်ဟု ထင်ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ BV Krishna Rao က ပြောသည်။

**Source: https://economictimes.indiatimes.com/news/economy/agricul ture/rice-exporters-see-surge-in-demand-from-global-buyers/article sho /98131347.cms**

**Myantrade.gov.mm**

## STOCK EXCHANGE (7.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 80 | 663,800 | 33,109,694 | 271,499 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 2,458 | 7,829,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,844 | 3,043,000 | 29,664,613 | 48,947 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 5 | 13,250 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 70 | 343,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 6th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.98 | -1.05 | -0.28% | 376.03 | 376.03 | 373.31 | 4,458 | 11,895,450 | 7 | 660,744 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

### Main Board

As of 1:00 pm, 6th Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

| MYANPIX | 374.98 ▼ 1.05 |
|---|---|
| Total Volume (shares) | 4,458 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,744 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |